## နိုင်ငံတကာငြိမ်းချမ်းရေးနေ့

နိုင်ငံတကာငြိမ်းချမ်းရေးနေ့မြတ်အား ၁၉၈၁ ခုနှစ်က ကမ္ဘာ့ကုလသမဂ္ဂအတွင်း ဆုံးဖြတ်ချက်ချမှတ်၍ စတင်တည်ထောင်ဆင်နွှဲခဲ့ပေသည်။ ဤသို့ဆင်နွှဲလာရင်းမှ ၂၀၀၁ ခုနှစ်သို့ရောက်သောအခါ ကုလသမဂ္ဂ အတွင်း ဆုံးဖြတ်ချက် အမှတ် ၅၅၊၂၈၂ ကိုချမှတ်၍ စက်တင်ဘာလ (၂၁) ရက်နေ့အား နိုင်ငံတကာငြိမ်းချမ်းရေးနေ့မြတ်ကြီးအဖြစ် အတည် ပြုခဲ့ပေသည်။

ဤငြိမ်းချမ်းရေးနေ့မြတ်ကြီးအား အတည်ပြုလိုက်ခြင်းနှင့်အတူ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအတွင်း ပတ်သက်လှုပ်ရှားနေသော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအတွင်း အစိုးရ မဟုတ်သော လူထုအခြေပြု အစုအဖွဲ့များအပြင် တသီးပုဂ္ဂလများကိုပါ ဤနေ့မြတ်ကြီးအား ဆီလျော်သောစိတ်နှလုံးနှင့်ဆင်နွှဲရန် ဖိတ်ခေါ်လိုက်ပေသည်။ ငြိမ်းချမ်းရေးအတွက် ဤသို့စုပေါင်းညီညာစွာ လုပ်ဆောင်ဆင်နွှဲရန် ဖိတ်ခေါ်လိုက်ခြင်းဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် အစုအဖွဲ့တခုအဖြစ် ညီညွတ်လာစေရန်၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအတွက် ကူးလူးဆက်ဆံမှုများ၊ လှုပ်ရှားမှုများ လိုအပ်နေသည်ဆိုခြင်းကို ပိုမိုသိမြင်ယုံကြည်လာစေရန် ရည်ရွယ်လုပ်ဆောင်ကျင်းပခြင်းဖြစ်သည်။

ယခုနှစ် ၂၀၀၉ ခုနှစ်တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းလုပ်ငန်းစဉ်မှ ဦးဆောင်၍ ဤငြိမ်းချမ်းရေး လှုပ်ရှားမှုကြီးအား လူထုလူတန်းစား အမျိုးမျိုးအတွင်း လှုပ်ရှားမှုမျိုးစုံ၊ ဆင်နွှဲမှုအဖုံဖုံနှင့် ပါဝင်ဆင်နွှဲလျက်ရှိပါသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနှင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေး အစစ်အမှန် ကေန်လိုအပ်နေပြီ ဆိုသည်ကို အားလုံးသိမြင် နိုးကြားလာစေရန် ရည်ရွယ်၍ လှုံ့ဆော်လှုပ်ရှား ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

## ငြိမ်းချမ်းရေးတည်ဆောက်သူများအသင်း

အဖွဲ့ချုပ်၏ ငြိမ်းချမ်းရေးတည်ဆောက်သူများအသင်းအား ၂၀၀၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း စစ်မှန်သော ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ တိုင်းရင်းသား လူမျိုးစုများအကြား ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရရှိရေး လှုပ်ရှားမှုများအတွင်း တိုင်းရင်းသူအမျိုးသမီးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်သူများအသင်းမှ ငြိမ်းချမ်းရေးကို လူတဦးချင်းအဆင့်၊ မိသားစုအဆင့်၊ ရပ်ရွာ အသိုင်းအဝိုင်းအဆင့်နှင့် နိုင်ငံတော်အဆင့်ထိတို့၌ အတူတကွ တည်ဆောက်ခြင်းဖြင့် ယုံကြည်မှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန် နားလည်မှုရရှိရေးတို့ကို ရည်ရွယ်ဦးစားပေး လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။

အသင်းမှနေ၍ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ပဋိပက္ခဖြေရှင်းခြင်း၊ ကြားဝင်ဖြန်ဖြေဆောင်ရွက်ခြင်းနှင့် စေ့စပ်ဆွေးနွေးခြင်း အစရှိသည့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ နည်းပညာများကို နယ်စပ်ဒေသနှင့် ဒုက္ခသည်စခန်းရှိ အမျိုးသမီးများနှင့် အမျိုးသားများအား သင်းတန်းများ ပို့ချပေးလျက်ရှိပါသည်။ မိမိတို့အသင်းသည် ယခု လက်ရှိ၌ လူမျိုးစု (၁၀) ကျော်၏ တိုင်းရင်းသူအမျိုးသမီးအဖွဲ့ဝင် များနှင့် ဖွဲ့စည်း လုပ်ဆောင်နေပြီး မိမိတို့နှင့် ဆက်စပ်သော ဒေသများ၌ ငြိမ်းချမ်းရေး ပညာပေးခြင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ လူထုစည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဆိုင်ရာ လှုပ်ရှားမှု အသေးစိတ်များ အချက်အလက်များကို www.womenofburma.org တွင် ရရှိနိုင်ပါသည်။

**ဆက်သွယ်ရန်။**
G.P.O.Box 413
Chiang Mai 50000 Thailand
wlb@womenofburma.org

# နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့
# ၂၁ စက်တင်ဘာလ ၂၀၀၉



မိမိတို့ အမိမြေမြန်မာနိုင်ငံအတွင်း စစ်မှန်သော ငြိမ်းချမ်းရေး၊
ဒီမိုကရေစီရေး အမြန်ဆုံးပျံ့နှံ့လွှမ်းမိုးလာနိုင်ရန်နှင့်
မိမိတို့ မျိုးဆက်သစ် ရင်သွေးငယ်များ၏
ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားအားလုံး
ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်း ဆောင် ရွက်မှုသည်
အထူးပင် အရေးကြီးလှပေသည်။

### အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ငြိမ်းချမ်း၍ တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းသို့ ရှေ့ရှု၍ အမျိုးသမီးများဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး အတွက် ကြိုးပမ်းဆောင်ရွက်နေသည့် အဖွဲ့ဖြစ်သည်။

## လက်ရှိမြန်မာနိုင်ငံအခြေအနေနှင့် မိမိတို့၏ယုံကြည်မှု

မြန်မာနိုင်ငံတည်းဟူသော နိုင်ငံတခု ၁၉၄၈ ခုနှစ်တွင် ပေါ်ပေါက်လာရခြင်းမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသား လူမျိုးများအားလုံး တန်းတူညီမျှစွာ၊ လွတ်လပ်စွာ အတူတကွနေထိုင်ကြမည်ဟူသော အပြန်အလှန် နားလည်မှုအပေါ်မူတည်၍ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးသောအခါတွင်ကား တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်နားလည်မှု ပျက်ပြားခဲ့ရပြီး ရာစု နှစ်ပေါင်းများစွာ ပြည်တွင်းစစ်ပွဲများဆီသို့ မြန်မာနိုင်ငံအား တွန်းပို့ခဲ့ပေသည်။ ၁၉၄၇ ခုနှစ်က ရေးဆွဲခဲ့သော ဖွဲ့စည်းပုံ အုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း စစ်တပ်၏ ၁၉၆၂ ခုနှစ် အာဏာသိမ်းပွဲနှင့် အတူ ပျက်ပြားခဲ့ရပြီး ယနေ့တိုင် အနိုင်ကျင့်ခြိမ်းခြောက် အကြမ်းဖက် အုပ်ချုပ်နေသော စစ်အုပ်စုလက်အောက်သို့ မြန်မာနိုင်ငံကြီး သက်ရောက် ခဲ့ရပေသည်။

လွန်ခဲ့သည့်နှစ် ၂၀၊ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်က နိုင်ငံတဝှမ်း လက်နက်မဲ့ငြိမ်းချမ်းစွာ ဒီမိုကရေစီ တောင်းဆိုခဲ့သည့် ပြည်သူထောင်ပေါင်းများစွာအား စစ်တပ်က ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တပါတီ အာဏာရှင်စနစ် ဖျက်သိမ်းခဲ့ရပြီး စစ်အစိုးရကပင် ၎င်းတို့နိုင်မည် အထင်နှင့် ၁၉၉၀ ခုနှစ် ရွေးကောက် ပွဲကျင်းပခဲ့သော်လည်း မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ အရှုံးကြီးရှုံးခဲ့သည်။ သို့သော်လည်း အဆိုပါ ရွေးကောက်ပွဲရလာဒ်ကို ယနေ့ထိတိုင် အသိမှတ်မပြုပဲ မထီမဲ့မြင် ပြုထားကြပြန်သည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် အာစီယံ - အရှေ့တောင် အာရှနိုင်ငံများအသင်းတို့အပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာစစ်အစိုးရအား ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသား အင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငြိမ်းချမ်းစွာ နိုင်ငံရေးအရဖြေရှင်းခြင်းနှင့် ဒီမိုကရေစီနည်းကျ နိုင်ငံအား အုပ်ချုပ်ရန် အကြိမ်ပေါင်းများစွာ တိုက်တွန်းနေခဲ့သော်လည်း စစ်အစိုးရမှ ၎င်းတို့ စိတ်တိုင်းကျရေးဆွဲထားသော လမ်းပြမြေပုံ ၇ ချက်ကိုသာ ဇွတ်အကောင် အထည်ဖေါ်ကာ ပြည်သူအများ၏ဆန္ဒကို ယခုထက်တိုင် မျက်ကွယ်ပြုထားသည်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လအတွင်း၌လည်း စီးပွားရေးအကြပ်အတည်းများကြောင့် ငြိမ်းချမ်းစွာဆန္ဒပြကြသော ပြည်သူများ၊ ရဟန်းသံဃာ တော်များကို၎င်းတို့၏လက်ကိုင်တုတ်များဖြစ်သည့် ကြံ့ခိုင်ရေးဖွံ့ဖြိုးရေးအသင်းနှင့် စွမ်းအားရှင်များကို အသုံးချ၍ ရက်ရက်စက်စက် ရိုက်နှက်ဖြိုခွင်းခဲ့ခြင်းကို ကမ္ဘာတခုလုံး မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီး ဖြစ်သည်။ ဤစက်တင်ဘာ တော်လှန်ရေးအပြီး စစ်အစိုးရက ကမ္ဘာကြီးအား အာရုံပြောင်းနိုင်ရေးအတွက် သူ၏လမ်းပြမြေပုံအဆင့် (၄) ဖြစ်သော ‘လူထုဆန္ဒခံယူပွဲ’ ကို တက်သုတ်ရိုက်ပြု လုပ်ခဲ့ပြန်ပါသည်။ မြန်မာနိုင်ငံသမိုင်း၏ အဆိုးဝါးဆုံး သဘာဝဘေးဒါဏ်ကြီးတခုဖြစ်သော ‘နာဂစ်’ မုန်တိုင်းခံရသည့် ပြည်သူများအား စာနာထောက်ထား ခြင်းမရှိဘဲ ၎င်းတို့အလိုကျရေးဆွဲထားသော ဖွဲ့စည်းပုံအတည်ပြုရေး လူထုဆန္ဒအဓမ္မခံယူပွဲကို မတရားမှုအမျိုးမျိုးသုံးလျက် အတည်ပြုခဲ့သည်။ လက်ရှိတွင်လည်း နအဖစစ်အစိုးရသည် လမ်းပြမြေပုံအဆင့်(၅)ဖြစ်သည့် ၎င်းအလိုကျအကောင်အထည်ဖေါ်လုပ်ဆောင်မည့် ၂၀၁၀ ရွေးကောက်ပွဲကိုသာ ဦးတည်လုပ်ဆောင်နေခြင်းသည် မြန်မာနိုင်ငံ ပြည်သူတရပ်လုံး လိုလားတောင့်တနေမှုများကို မျက်ကွယ်ပြုနေကြောင်း သက်သေပြနေခြင်းဖြစ်သည့်အပြင် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုပါ ခြိမ်းခြောက်နေသည့် လက္ခဏာရပ်ပင်ဖြစ်သည်။

သို့ဖြစ်၍ နအဖစစ်အစိုးရအနေဖြင့် မြန်မာပြည်သူတရပ်လုံး ငြိမ်းချမ်းရေးလမ်းစကို ပျောက်စေမည့် လုပ်ရပ်ဖက်သို့ ဦးမတည်ဘဲ အမှန်တကယ် လက်တွေ့ကျသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှတဆင့် စစ်မှန်သော ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးနှင့် ငြိမ်းချမ်းသာယာသော လူ့ဘောင်သစ်တရပ်ပေါ်ထွန်းလာရေးကိုဦးတည်သည့်လုပ်ရပ်များကိုသာ လုပ်ဆောင် သင့်ပြီဖြစ်ကြောင်း မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

## ငြိမ်းချမ်းရေး၏အရေးပါမှု

ငြိမ်းချမ်းရေးဟူသော စကားလုံးသည် ကြားရသည်နှင့် အေးမြမှု၊ ငြိမ်းချမ်းမှုကိုပေးစွမ်းနိုင်သည့် အလွန်လှပသော စကားလုံးကလေး ဖြစ်သည်။ ယနေ့လက်ရှိကမ္ဘာအဝှမ်းခြုံ၍ ကြည့်မည်ဆိုပါက ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးများ ပပျောက်ဆိတ်သုဉ်းနေမှုကို ခံစားနေရသူပေါင်း၊ ကလေးငယ်ပေါင်း၊ သန်းပေါင်းများစွာချို၍ ရှိနေလေသည်။ ဤငြိမ်းချမ်းရေးမဲ့ အခြေအနေများ၌ လူသားအပေါင်းမှာ ဆင်းရဲနွမ်းပါးမှုနှင့် ဝမ်းနည်းကြေကွဲမှုများအပြင် လုံခြုံမှုကင်းမဲ့စွာ နေထိုင်နေကြရပေသည်။

လူ့အသိုင်းအဝိုင်းတခု၊ နိုင်ငံတခုဟူသည် ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီ ရှိမှသာလျှင် တိုးတက်ဖွံ့ဖြိုးနိုင်ပေမည်။ ခိုင်မာသန်စွမ်းလာပေမည်။ ခေတ်ဟောင်းနှင့်မတူဘဲ သည့်ထက်မက သာလွန်သော ခေတ်သစ်လူ့ဘောင်တရပ်ကို ထူထောင်နိုင်ရေး ကြိုးပမ်းရာ၌ ငြိမ်းချမ်းရေးမရှိ၍ မရပေ။ မိမိတို့အားလုံး၏ မျိုးဆက်သစ်လူငယ်၊ ကလေးငယ်များမှာ လူ့အသိုင်းအဝိုင်းအတွက် ထူးခြားနားသော အခြေအနေများကို ဖန်းတီးနိုင်စွမ်းရှိသူများဖြစ်သည်။ သို့သော် ထိုသို့ဖန်တီးနိုင်စွမ်းရှိသူများ ဖြစ်လာရေးအတွက် မိမိတို့အားလုံး၌ တာဝန်ကြီးတရပ် အထူးရှိပေသည်။ ၎င်းမှာ ငြိမ်းချမ်းသာယာ၍ ဒီမိုကရေစီနည်းကျသော လူ့အသိုင်းအဝိုင်းတရပ်အား ထူထောင်တည်ဆောက်ပေးခြင်းပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ရှိမှသာလျှင် ကလေးသူငယ်၊ လူငယ်များ အပါအဝင် လူသားအားလုံး အကြောက်တရားမဲ့ လွတ်လပ်စွာ တကိုယ်ရည်ဖွံ့ဖြိုးမှုများကို ကိုယ်တိုင်ကိုယ်ကျ စွမ်းဆောင် နိုင်ကြမည်ဖြစ်ပါသည်။

မိမိတို့အမိမြေမြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီမဲ့နေသည်မှာ ဆယ်စုနှစ်များစွာရှိနေပေပြီ။ မိမိတို့၏ ရင်သွေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ဤအခြေအနေအတွင်း၌ ရယူနိုင်လိမ့်မည်မဟုတ်ပါ၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း စစ်မှန်သောငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး အမြန်ဆုံးပျံ့နှံ့လွှမ်းမိုးလာနိုင်ရေးအတွက် နိုင်ငံသားအားလုံး ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးမှာ အထူးပင် အရေးကြီးလှပေသည်။